# ပြည်နယ်အနှံ့ အထူးကု၏ ဆေးပညာပိုင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးရေး ဝန်ဆောင်မှု (Statewide Specialist Clinical Consultation Service) (BURMESE)

*ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုအရဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဌာန (Queensland Transcultural Mental Health Centre)မှ ပံ့ပိုးသော ဝန်ဆောင်မှု*

## ဆေးပညာပိုင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးရေး ဝန်ဆောင်မှု (Clinical Consultation Service) ဆိုတာ ဘာလဲ။

၎င်းမှာ အင်္ဂလိပ်ဘာသာစကားမပြောကြသော နောက်ခံဘဝမှ လာကြသူများအတွက် ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုအရ ဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဌာန (ဌာန) က ပံ့ပိုးသော ပြည်နယ်အနှံ့ အထူးကု၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှု ဖြစ်ပါသည်။

ဆေးပညာပိုင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်း ဝန်ဆောင်မှုသည် **အခမဲ့** ဖြစ်ပါသည်။

## ဆေးပညာပိုင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးရေး ဝန်ဆောင်မှုကို မည်သူတွေက အသုံးပြုနိုင်သလဲ။

သင့်အနေနှင့် သင်ကိုယ်တိုင်၊ သင့်မိသားစုဝင် သို့မဟုတ် သင့်မိတ်ဆွေအတွက် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိစ္စကို စိုးရိမ်ပူပန်မှု ရှိနေရလျှင် ဌာနကို သင် ဆက်သွယ်နိုင်ပါသည်။

## ဤဝန်ဆောင်မှုက ကျွန်ုပ်ကို မည်ကဲ့သို့ ကူညီနိုင်ပါသလဲ။

ဆေးပညာပိုင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်း ဝန်ဆောင်မှုသည် သင်စိုးရိမ်ပူပန်နေရသော စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိစ္စအတွက် သိကောင်းစရာများနှင့် အကြံဉာဏ်များ ပံ့ပိုးပေးနိုင်သည့်အပြင် သင့်ကိုကူညီနိုင်သောဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးနိုင်သည်။

အကယ်၍ ကူညီပံ့ပိုးမှု ဆက်လက်လိုအပ်ပါက စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုနှင့် စိစစ်အကဲဖြတ်ခြင်း သို့မဟုတ် ဆက်သွယ်ခြင်းပြုရန် ကျွန်ုပ်တို့က သင့်ယဉ်ကျေးမှုနောက်ခံမှ သင့်ဘာသာစကားပြောသူ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ထမ်း၏ အကူအညီဖြင့် အချိန်တိုကာလ ပံ့ပိုးမှုတို့ဖြင့် ကူညီပံ့ပိုးနိုင်ပါသည်။

စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ထမ်းက သင့်အား -

- ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို  စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုသို့ ရှင်းပြခြင်း
- သင့်ဆေးကုသမှုနှင့် ပြုစုစောင့်ရှောက်မှုအစီအစဉ်သို့ သင် ပါဝင်ဆောင်ရွက်ရေးအတွက် အကူအညီပေးခြင်း
- သင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိစ္စကို သင့် ဘာသာစကားဖြင့်ဆွေးနွေးရန် သင်နှင့်တွေ့ဆုံခြင်း
- သင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ကိစ္စများကို သင့် မိသားစုဝင်များအား ရှင်းပြခြင်း
- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာနှင့်ဆိုင်သော အားပေးကူညီမှု သို့မဟုတ် ဆွေးနွေးအကြံပေးမှုများကဲ့သို့ အချိန်တိုကာလ ပံ့ပိုးမှုတို့ဖြင့် ကူညီပံ့ပိုးနိုင်ပါသည်။

## အခြား မည်သည့်အကူအညီများပေးနိုင်သလဲ။

ဌာနသည် အဓိကဘာသာစကားအားလုံးနီးပါးဖြင့် ပုံနှိပ်ထုတ်ဝေထားသော စိတ်ပိုင်းဆိုင်ရာ မကျန်းမာခြင်းနှင့်ဆိုင်သည့် သိကောင်းစရာများ၊ ဆက်နွယ်နေသော သိကောင်းစရာများလည်း ရှိပါသည်။

ရောဂါလက္ခဏာများ၊ ကုသမှု၊ ဆေးများနှင့် သင့်မြို့နယ်အတွင်းမှ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများနှင့်ဆိုင်သည့် သိကောင်းစရာများကဲ့သို့သော သင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ဆိုင်သည့် မည်သည့်ကိစ္စကိုမဆို သင် ဆွေးနွေးလိုပါကလည်း ဌာနကို ဖုန်းဆက်နိုင်ပါသည်။

## ဤဝန်ဆောင်မှုက လုံခြုံသိုသိပ်မှု ရှိပါသလား။

ရှိပါသည်။ ကျွန်ုပ်တို့၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများမှာ အခြားသောကျန်းမာရေးဆိုင်ရာ ပညာရှင်များကဲ့သို့ပင် လုံခြုံသိုသိပ်မှုနှင့် ပတ်သက်ပြီး တင်ကြပ်သောစည်းကမ်းများနှင့် ထိန်းကွပ်ထားပါသည်။ သင့် တိုက်ရိုက်ခွင့်ပြုချက်မရဘဲ သင့်ကိစ္စရပ်များကို မည်သူနှင့်မျှ ဆွေးနွေးခွင့် မရှိပါ။

## ဆေးပညာပိုင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးရေး ဝန်ဆောင်မှုထံမှ ဝန်ဆောင်မှု ကျွန်ုပ်လက်ခံရယူပါက မည်သည်တို့ကို မျှော်လင့်နိုင်သလဲ။

သင့်အနေနှင့် သင့်ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များ၏လုံခြုံမှု၊ ကိုးကွယ်သည့်ဘာသာနှင့် ယဉ်ကျေးမှုနောက်ခံတို့အတွက် လေးစားမှု၊ ဂုဏ်သိက္ခာထိန်းသိမ်းမှုနှင့် စာနာထောက်ထားမှုတို့ဖြင့် ဆက်ဆံရန် သင်မျှော်လင့်ထားနိုင်ပါသည်။

သင့်ယဉ်ကျေးမှု သိုပမဟုတ် ဘာသာစကားနောက်ခံမှလာသော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ထမ်းကို မဆက်သွယ်မီ သင်က သဘောတူကြောင်းစာကို တရားဝင် လက်မှတ်ရေးထိုးခိုင်းပါလိမ့်မည်။

## ဝန်ဆောင်မှု ကို ကျွန်ုပ် မည်ကဲ့သို့ ဆက်သွယ်ရမည်လဲ။

အကယ်၍ သင်က ဘရစ်စဘိန်းမြို့တွင်းရှိနေပါက (07) 3167 8333၊ သို့မဟုတ် ဘရစ်စဘိန်းမြို့ပြင်ပတွင်ရှိနေပါက 1800 188 189 ကိုဆက်သွယ်ပြီး ဆေးပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ညှိနှိုင်းဆောင်ရွက်ပေးသူနှင့် ဆက်သွယ်လိုကြောင်း ပြောပြပါ။

ကျွန်ုပ်တို့၏ ရုံးချိန်များမှာ တနင်္လာမှသောကြာနေ့ နံနက် ၈. ၃၀ နာရီမှ ညနေ ၅. ၀၀နာရီအထိ ဖြစ်ပါသည်။

## ကျွန်ုပ် အင်္ဂလိပ်ဘာသာစကားမပြောတတ်ပါ။ ဝန်ဆောင်မှု ကို ကျွန်ုပ် မည်ကဲ့သို့ ဖုန်းဆက်ရမည်လဲ။

သင့်အနေနှင့် စကားပြန် ဝန်ဆောင်မှုကို 1314 50 တွင် ဖုန်းဆက်ပြီး သင့်ဘာသာစကားပြောသော စကားပြန်ကို တောင်းကာ ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုအရ ဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဌာနကို (07) 3167 8333 တွင် ဆက်သွယ်ပေးဖို့ တောင်းဆိုပါ။

ထိုအခါတွင် သုံးပွင့်ဆိုင် စကားပြောဆိုမှု ပြုနိုင်ပါသည်။

## ကျွန်ုပ်အနေနှင့် ဌာနကို အခြား မည်သည့်နည်းဖြင့် ဆက်သွယ်နိုင်ပါသေးသလဲ။

သင့်အနေနှင့် ကျွန်ုပ်တို့၏ရုံး 519 Kessels Road, MacGregor သို့ လာနိုင်ပါသည်။

6623, Upper Mt Gravatt, Qld, 4122 သို့လည်း စာရေးသား ပေးပို့နိုင်ပါသည်။

tccs@health.qld.gov.au သို့လည်း အီးမေးလ် ပေးပို့နိုင်ပါသည်။